# Republic of the Union of Myanmar
# Ministry of Labour, Immigration and Population
# Directive for conducting surprise inspections on factories,workshops and workplaces

5th Waning of First Waso, 1382 ME
(9th July 2020)

1. The Ministry of Health and Sports, the Ministry of Labour, Immigration and Population, and a combined team of experts began inspecting factories, workshops and workplaces starting from 20-4-2020 to check whether they are adhering to regulations and recommendations of the Ministry of Health and Sports to prevent COVID-19. Those that passed the inspections were allowed to reopen.
2. Initial inspection was not carried out at some workplaces, including private businesses with a small workforce, small-scale emerging businesses and household businesses.
   Small task groups consisting of officials from township-level committees for containment and emergency response against COVID-19 in Nay Pyi Taw Council and the states and regions worked together with the General Administration Department, MoLIP and MoHS to inspect the remaining workplaces starting from 16-5-2020.
3. Factories, workshops and workplaces are required to follow regulations and recommendations of the Ministry of Health and Sports for effective prevention against the spread of COVID-19.
   Similar task forces comprised with township-level committees against COVID-19, the GAD, MoLIP and MoHS will continue conducting surprise inspections to the workplaces for these regulations and recommendations.

**Ministry of Labour, Immigration and Population**

# စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများနှင့်ပတ်သက်၍ ရှောင်တခင်စစ်ဆေးမည့် ညွှန်ကြားချက်ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အလုပ်သမား လူဝင်မှုကြီးကြပ်ရေးနှင့်
ပြည်သူ့အင်အားဝန်ကြီးဌာန
စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများနှင့် ပတ်သက်၍
ရှောင်တခင်စစ်ဆေးမည့် ညွှန်ကြားချက်
၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၅ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၉ ရက်)

၁။ ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါအဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019(COVID-19) ရောဂါအား ကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် မြန်မာတစ်နိုင်ငံလုံးရှိ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ သတ်မှတ်ချက်၊ အကြံပြုချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အလုပ်သမား လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကျွမ်းကျင်မှုဆိုင်ရာပူးပေါင်းအဖွဲ့များသည် သက်ဆိုင်ရာ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများကို ၂၀-၄-၂၀၂၀ ရက်နေ့မှစ၍ စစ်ဆေးမှုများပြုလုပ်ပြီး သတ်မှတ်ချက်နှင့်ကိုက်ညီသည့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများကို ဖွင့်လှစ်ခွင့်ပြုပေးခဲ့ပါသည်။

၂။ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ သတ်မှတ်ချက်၊ အကြံပြုချက်များနှင့်အညီ စစ်ဆေးခဲ့ရာ စစ်ဆေးရန်ကျန်ရှိသည့် အလုပ်ဌာနများအနေဖြင့်လည်း လုပ်သားလူအင်အားနည်းပါးသည့် ကိုယ်ပိုင်လုပ်ငန်းများ၊ အသေးစားတစ်ပိုင်တစ်နိုင်လုပ်ငန်းများနှင့် အိမ်တွင်းမှုလုပ်ငန်းများဖြစ်၍ ကျန်ရှိသည့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများအား နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မြို့နယ်အဆင့်ဖွဲ့စည်းထားသော Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အလုပ်သမား လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လက်အောက်ခံဌာနများမှ ဝန်ထမ်းများပါဝင်သည့် စစ်ဆေးရေးအဖွဲ့ငယ်များဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ၁၆-၅-၂၀၂၀ ရက်နေ့မှစ၍ ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိပါသည်။

၃။ Coronavirus Disease 2019 (COVID-19) ရောဂါ ကာကွယ်ထိန်းချုပ်ရန်အတွက် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ သတ်မှတ်ချက်၊ အကြံပြုချက်များနှင့်အညီ စဉ်ဆက်မပြတ် လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး လိုက်နာမှု ရှိ မရှိကို နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မြို့နယ်အဆင့်ဖွဲ့စည်းထားသော Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အလုပ်သမား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လက်အောက်ခံဌာနများမှ ဝန်ထမ်းများပါဝင်သည့် စစ်ဆေးရေးအဖွဲ့ငယ်များဖြင့် ရှောင်တခင်စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

အလုပ်သမား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန